# XXIII World Yould Day,2008

## အားကြိုဆိုဂုဏ်ပြုလျက်

**ကမ္ဘာ့လူငယ်များသို့ ရဟန်းမင်းကြီးBENEDICTXVIအရှင်မြတ်၏ နှုတ်ဆက်စာချွန်လွှာ။**

**"သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အပေါ်သို့ဆင်းသက်သောအခါသင်တို့သည်ဝိညာဉ်တော်၏တန်ခိုးကျေးဇူးကို ခံယူကြရလိမ့်မည်။ ထိုအခါသင်တို့သည် ငါ့ကိုသက်သေခံသောသူများ ဖြစ်ကြလိမ့်မည်"**

**(တမန်၁း၈)**

**ချစ်ခင်ရသော ကျွန်ုပ်၏မိတ်ဆွေလူငယ်အပေါင်းတို့။**

### ၁။ The XXIII World Youth Day

၂၀၀၅ခုနှစ်ဩဂုတ်လအတွင်း ဂျာမနီနိုင်ငံ ကိုလုံမြို့၌ ကမ္ဘာအရပ်ရပ်မှ လူငယ်မောင်မယ်တို့နှင့် အကျွန်ုပ် အကြိမ်ကြိမ်ဆုံဆည်းခွင့်ရခဲ့သည်ကို ကြည်နူးမဆုံးနိုင်ဘဲ ယနေ့တိုင်အောင် အခမ်းအနားအမျိုးမျိုး၌ ကျွန်ုပ်အမှတ်ရနေဆဲပါ။ ထိုမေ့မရနိုင်ဆုံးသော သဒ္ဒါတရားနှင့် စိတ်အားထက်သန်ခြင်းကိုဖော်ကျူးခဲ့ကြသည့် ထိုနေ့ရက်များကုန်ဆုံးခါနီး၊ လာမည့် ၂၀၀၈ခုနှစ် ဆစ္စနီ(ဩစတြေးလျ)၌ ထပ်မံ၍ဆုံဆည်းကြမည်ဖြစ်ကြောင်း ချိန်းချက်ထားပြီးဖြစ်ပါသည်။ ဤကျင်းပမည့် XXIII World Youth Day အတွက် ခေါင်းစဉ်မှာ–**"သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အပေါ်သို့ ဆင်းသက်သောအခါ** သင်တို့သည် ဝိညာဉ်တော်တန်ခိုးကျေးဇူးကို ခံယူကြရလိမ့်မည်။ ထိုအခါသင်တို့သည် ငါ့ကိုသက်သေခံသောသူများ ဖြစ်ကြလိမ့် မည်။"(တမန်၁း၈)ဖြစ်၏။ သို့ဖြစ်ပါ၍ ဆစ္စနီမြို့ညီလာခံကြီးအတွက် ဝိညာဉ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်သောအားဖြင့် အထူးနှလုံးသွင်းရမည့်အချက်မှာ–"သန့်ရှင်းသောဝိညာဉ်တော်ဘုရားနှင့် စေလွှတ်/သက်သေခံခြင်းအမှုတော်"ပင်ဖြစ်၏။ ပြီးခဲ့သော၂၀၀၆ခုနှစ်အတွင်း ကျွန်ုပ်တို့အာရုံပြုထောက်ရှုခဲ့ကြသော အကြောင်းအရာမှာ–"သမ္မာတရား၏ ဝိညာဉ်တော်"ဖြစ် တော်မူသော သန့်ရှင်းသောဝိညာဉ်မြတ်ဘုရားအကြောင်းဖြစ်၏။ ယခု၂၀၀၇ခုနှစ်အဖို့–"ချစ်ခြင်း၏ဝိညာဉ်မြတ်ဘုရား"၏ တန်ခိုးကျေးဇူးတော်အကြောင်းကို ပို၍ထိုးထွင်းသိမြင်နိုင်ကြရန် အားထုတ်လျက်ရှိလေသည်။ ဆက်လက်၍ ၂၀၀၈ခုနှစ် တဖြေးဖြေးနီးကပ်လာသည်နှင့်အမျှ၊ ကျွန်ုပ်တို့ဦးတည်ထောက်ရှုရမည့်အချက်မှာ–"ရဲစွမ်းသတ္တိ၏တန်ခိုးရှင်ဝိညာဉ်တော်နှင့် စေလွှတ်/ သက်သေခံခြင်းအမှုတော်" ဖြစ်ပြီး ဤတန်ခိုးကျေးဇူးကြောင့် ကျွန်ုပ်တို့အားလုံးဧဝံဂေလိတရားကျင့်စဉ်နှင့်အညီ အသက်ရှင်နေထိုင်ခြင်း၊ သတင်းကောင်းကို သတ္တိရှိရှိဟောပြောသက်သေခံခြင်းစသည့် ရဲစိတ်ရဲမာန်တို့ကို မွေးမြူနိုင်ကြမည်ဖြစ်၏။ ထို့ကြောင့်၊ သင်တို့လူငယ်လူရွယ်တစ်ဦးချင်းအလိုက်ဖြစ်စေ၊ မိမိ၏ လူနေမှုအသိုင်းအဝိုင်းများနှင့် ပညာသင်ကြားရေးနယ်ပယ် တွင်းရှိ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ဤကယ်တင်ခြင်းသမိုင်းကြောင်းနှင့်စပ်ဆိုင်သော အခြေခံအကြောင်းတရားများအပေါ် အစဉ်နှလုံးသွင်းဆင်ခြင်ကြရန် လိုအပ်လှပေသည်။ ဤနည်းလမ်းအားဖြင့်သာလျှင်–သန့်ရှင်းမြင့်မြတ်လှသော အောက်ဖော်ပြ မျှော်မှန်းချက်ပန်းတိုင်များသို့ အရောက်တက်လှမ်းနိုင်ကြမည်ဖြစ်ပါသည်။

–(၁) ဝိညာဉ်တော်ဘုရား၏ဇာတိသဘောကိုသိမြင်ခြင်း–အထူးသဖြင့်ကျမ်းစာတော်မြတ်အားဖြင့် ဖွင့်ဟတော်မူသော ဘုရားရှင်၏နှုတ်ကပါတ်တရားတော်ကို ကြားနာခြင်းအားဖြင့် သိမြင်နိုင်၏။

–(၂) အသင်းတော်၏အသက်တာတွင် ထိုဝိညာဉ်တော်မြတ်ဘုရား စဉ်ဆက်မပြတ်ကိန်းတည်ရှိ

တော်မူကြောင်းကို အောက်မေ့သတိရလျက်– ကိုယ်တော်သည် အသင်းတော်၏ 'နှလုံးသား' နှင့် ခရစ်ယာန်ဘဝကို အစပျိုးပေးသော စက္ကရမင်တူးမင်္ဂလာတော်များ(ဆေးကြောခြင်း၊ ကိုယ်တော်မြတ်၊ ခရစ္စမတ်အားပေးခြင်း)အားဖြင့် ဘာသာဝင်တစ်ဦးစီ၏ 'ထွက်သက်ဝင်သက်' ဖြစ်ကြောင်းကို အတိအလင်းသိမှတ်နိုင်၏။

–(၃) ဤတတိယထောင်စုနှစ်ခေတ်ဦးရှိ လူသားအားလုံးယေဇူးခရစ်တော်ကို ပို၍လိုက်လှဲစွာ သိမှတ်ဝန်ခံကြလျက် ကိုယ်တော်၏သတင်းကောင်းနှင့်အညီလိုက်နာကျင့်ဆောင်ခြင်း၊သက်သေခံခြင်းအမှုကို ဆထက်ထမ်းပိုးဆောင်ရွက်နိုင်စေရေး တို့ဖြစ်၏။

ရှေ့နှစ်ကျင်းပမည့်လူငယ်များနေ့အတွက်အနီးကပ်ပြင်ဆင်သည့်အနေဖြင့် ကမ္ဘာ့ဌာန်းထောက်ရှုရာတွင် အဓိကလိုက် နာအပ်သောအချက်များကို ဤစာစောင်၌ ဖော်ပြပေးထားပါသည်။ ဤနည်းလမ်းအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၌ မိမိ၏ယုံကြည်ခြင်းတရားမည်ရွေ့မည်မျှ ရှင်သန်နေသည်၊ အကယ်၍ ၎င်းယုံကြည်ခြင်းများ ပျောက်ဆုံးနေလျှင်လည်း ၎င်းပြန်လည်ရှင်သန်လာစေမည်၊ ချို့တဲ့အားနည်းနေခဲ့လျှင် ပြန်လည်ခွန်အားဖြည့်တင်းပေးမည်၊ ထိုယုံကြည်ခြင်းအခွန့်ရှည်စေရေးအတွက် မပါလျှင်မပြီးသောဝိညာဉ်တော်ဘုရား၏စောင်မခြင်း အကူအညီကိုရယူကာ–ခမည်းတော်နှင့်သားတော်၏ တစ်လုံးတစ်ဝတည်းရှိခြင်း၌ ပေါင်းစပ်ပါဝင်စေခြင်း–စသောအချက်အလက်များ ပါဝင်ပေသည်။ တနည်းဆိုရသော် အသင်းတော်သည် ကမ္ဘာသူကမ္ဘာသားများ–၊ သင်အနီးဝန်းကျင်၌ သက်ရှိထင်ရှားလျက်ရှိသော လူသားများသာမကဘဲ၊ နောင်လာနောင်သားများဖြင့် ပါဝင်ဖွဲ့စည်းထားသော အသင်းတော်ဖြစ်ပါသည်။ ဤကမ္ဘာလူသားအားလုံးတို့မှာ သင်တို့လူငယ်လူရွယ်များအပေါ် အထူးအားထားလျက်ရှိကြ၏။ အဘယ်ကြောင့်ဆိုသော် သင်တို့၏အတွင်းစိတ်နှလုံးထဲတွင် ခရစ်တော်၏ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ဘုရား၏ အလွန်အထွဋ်အထိပ်ဆုံးဖြစ်သော ဆုလက်ဆောင်တော်ကို အထူးပိုင်ဆိုင်လျက်ရှိသောသူများ ဖြစ်ကြသည်။

## ၂။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ဂတိထားခြင်း–ကျမ်းစာ၌ရေးသားချက်။

သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရားနှင့် စပ်လျဉ်းသောနက်နဲဖွယ်ရာအချက်များနှင့် ၎င်း၏စွမ်းဆောင်ချက်တန်ခိုးကျေးဇူးများအကြောင်း ကျမ်းစာတော်မြတ်၌ ရေးသားချက်တို့ကို စေ့စေ့နားထောင်/ ထောက်ရှုနှလုံးသွင်းခြင်းအားဖြင့် ကြီးမားဆန်းကျယ်သော အတွင်းစိတ်အာရုံခံစားမှုများကို ဖြစ်ပေါ်စေကြောင်း အကျဉ်းရုန်းပြီး ကျွန်ုပ်ဖော်ပြပေးမည်ဖြစ်ပါသည်။

ကောင်းကင်ဘုံသို့တက်ကြွမည့်ဆဲဆဲ၊ မိမိတမန်တော်ကြီးတို့အား ယေဇူးအမိန့်ရှိခဲ့သည်မှာ–"ကြည့်လော့၊ ငါ၏ခမည်းတော်ဂတိထားတော်မူရာကို သင်တို့အပေါ်သို့ ငါစေလွှတ်မည်"(လု–၂၄း၄၉) **ပင်တေကော့စ်**ပွဲနေ့ရောက်၍ အပေါ်ထပ်ခန်းမဆောင်တွင်း မယ်တော်မာရိယာနှင့်အတူ သူတို့ဝတ်ပြုဆုတောင်းနေကြစဉ်တွင် ထိုဂတိတော်ရောက်ခဲ့လေ၏ထိုကဲ့သို့မွေးကင်းစအသင်းတော်အပေါ်သို့ အထက်မှသွန်းလောင်းပေးတော်မူသော အချင်းအရာဟူမူကား–အစအဦးက ဘုရားရှင်ပြုတော်မူသော ဂတိတော်ကို ဓမ္မဟောင်းခေတ်ကာလတစ်လျှောက်လုံး ထိန်းသိမ်းလာခဲ့ကာ၊ ကြိုတင်ထားသည့် နေ့ရက်ရောက်သောအခါ ပြီးပြည့်စုံခြင်းသို့ ရောက်ရှိခြင်းဖြစ်လေသည်။

အမှန်မူကား ကျမ်းစာတော်မြတ်ပေါ်၌ ရှေ့ဆုံးစာမျက်နှာ၌ပင်လျှင်– ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်၌ ရွေ့လျားလျက်ရှိသော "လေ"(cf.gen1:2)ဟူရှိလည်းကောင်း၊ ဘုရားသခင်သည် လူ၏နှာခေါင်းထဲသို့ "ဇီဝအသက်"ကိုမှုတ်သွင်းတော်မူလျှင်၊ လူသည် အသက်ရှင်သောသတ္တဝါဖြစ်လေ၏ (gen. 2:7)" ဟူ၍လည်းကောင်း၊ ရေးသားဖော်ပြသည့်အတိုင်းဖြစ်၏။ အပြစ်ရင်းပြုမိပြီးသည်နောက် လူ့သမိုင်းစဉ်တွင် အသက်ပေးသော ဘုရားရှင်၏ ဝိညာဉ်တော်သည် ကြိမ်ဖန်များစွာလှုပ်ရှား လျက်ရှိလေ၏။ အရွေးကောက်ခံလူမျိုးတော်အား ဘုရားရှင်ထံသို့ တဖန်လှည့်လည်စေရန်နှင့် ပညတ်တော်အတိုင်းသစ္စာရှိရှိ သက်ရှင်နေထိုင်ကြစေရန် ဆုံးမလမ်းညွှန်

ပေးသော ပရောဖက်များကို ပေါ်ထွန်းရှိစေခဲ့၏။ ပရောဖက် Ezekiel ၏ အထူးကျော်ကြားလူသိများသော ရူပါရုံ၌ ဘုရားသခင်သည် မိမိ၏ဝိညာဉ်တော်အားဖြင့် "သွေ့ခြောက်သောအရိုးများ"နှင့်တူသော အရှေးကောက်ခံ အိသရေလလူတို့အား ဇီဝအသက်ကို အသစ်တစ်ဖန်မှုတ်သွင်းပေးတော်မူခဲ့ကြောင်း။ တဖန်၊ ပရောဖက်ယောလ (Joel) ကလည်း "လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းပေမည်"ဖြစ်ကြောင်း၊ ထိုနေ့ရက်များတို့၌ အစေခံ၊ အစေခံမများပါမကျန် ရှိရှိသမျှလူသားတို့အပေါ်၌ ငါ၏ဝိညာဉ်တော်ကို သွန်းလောင်းပေးလိမ့်မည်' ဟု သတည်း။

"အချိန်ကာလစေ့သောအခါ"(ဂါလာ၄း၄)သခင်ဘုရား၏ တမန်တော်သည် နာဇရက်မြို့ရှိ ကညာစင်အား" "သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အပေါ်သို့ ဆင်းသက်တော်မူလိမ့်မည်။ အမြင့်ဆုံးသောအရှင်၏ တန်ခိုးအာဏာတော်သည် သင့်ကို လွှမ်းမိုးတော်မူလိမ့်မည်။ ထို့ကြောင့် သင်မှဖွားမြင်လတ့်သော သန့်ရှင်းမွန်မြတ်သော သူသည် ဘုရား၏သားတော်ဟုခေါ်ဝေါ်ခြင်းခံရလိမ့်မည်"(cf လု–၁း၃၅)။ ရှေးအထက်က ပရောဖက်ဟေရှာယ ကလည်း ကြွလာမည့်မယ်ဆီယသခင်သည် "ထာဝရဘုရား၏ ဝိညာဉ်တော်သည် ထိုသူအပေါ်မှာကျိန်းဝပ်တော်မူလိမ့်မည်" (cf.ဟေ–၁၁း၁–၂၊၄၂း၁)ဟူ၍ ဖြစ်သတည်း။ ယေရှုးခရစ်တော်ကလည်း နာဇရက်မြို့တရားအရပ်မှ စတင်ကာ မိမိ၏ကယ်တင်ခြင်းအမှုတော်ကို ထိုဗျာဒိတ်ချက်နှင့်အညီ ကမ္ဘာသိလူသိကြေငြာမောင်းခတ်ခဲ့ပေသည်။ တအံ့တသြဖြစ်၍နေခဲ့ကြသော ထိုပရိသတ်ရှေ့မှောက်၌ ယေရှုးက "ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ ရှိတော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ဟောပြောစေခြင်းငှါ ကိုယ်တော်သည် ငါ့ကို ဆီဖြင့်လိမ်းကျံတော်မူပြီ။ ချုပ်နှောင်ခံရသောသူတို့အား လွတ်မြောက်ခြင်းကိုကြေငြာရန်နှင့် မျက်စိမမြင်သော သူတို့အား မျက်စိအလင်းကိုပေးရန်လည်းကောင်း ဖိနှိပ်ခံရသောသူတို့အား ကယ်ဆယ်စေခြင်းငှါလည်းကောင်း၊ သခင်ဘုရား၏ကျေးဇူးတော်မင်္ဂလာနှစ်ကို ကြေငြာရန်လည်းကောင်း၊ ကိုယ်တော်သည် ငါ့ကိုစေလွှတ်တော်မူ၏" (လု ၄း၁၈–၁၉ ဟေ၆၁း၁–၂)ဟုမိန့်တော်မူပြီးနောက် ဆက်လက်၍ "ယခုသင်တို့ကြားရသော ကျမ်းစကားသည် ယနေ့ပင်ပြည့်စုံခြင်းသို့ ရောက်လေပြီ။"(လု၄း၂၁)ဟု အတည်ပြုမိန့်ကြားတော်မူခဲ့၏ သန့်ရှင်းသောဝိညာဉ် တော်မြတ်ဘုရား ဆင်းကြွတော်မူမည့်အကြောင်းကိုလည်း မိမိတရားဒေသနာတော်ဟောကြားစဉ်တွင် မိမိ တမန်တော်ကြီးတို့အား မကြာခဏဂတိ စကားမိန့်မြွက်တော်မူခဲ့ပေသည်။ ထို "ကောင်းသောအကြံပေးတတ်သူ" ဝိညာဉ်တော်သည် မိမိအားသက်သေခံခြင်းအမှုကိုပြုခြင်းငှါလည်းကောင်း၊ မိမိ၏ နောက်လိုက်ယုံကြည်သူတို့အား သမ္မာတရားအကြောင်းအလုံးစုံတို့ကို သွန်သင်ပြသ/လမ်းညွှန်စောင့်ရှောက်ပေးရန်လည်းကောင်း၊ ဆင်းကြွတော်မူမည်။ (cf ယော ၁၄း၁၆–၁၇၊ ၂၅–၂၆၊ ၁၅း၂၆၊၁၆း၁၃)။

## ၃။ ပင်တေကော့စ်ပွဲနေ့–အသင်းတော်၏စေလွှတ်/ သက်သေခံခြင်းအမှုတော်စတင်သည့်နေ့။

ရှင်ပြန်တော်မူသော ပါစကားပွဲညနေပိုင်းရောက်သောအခါ ယေရှုးသည်မိမိ၏တမန်တော်ကြီးတို့အလယ်၌ ထင်ရှားပြရှိတော်မူစဉ် သူတို့အပေါ်သို့ မှုတ်တော်မူလျက်–"သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူကြလော့"(ယော– ၂၀း၂၂)ဟု မိန့်တော်မူ၏။ ထိုနေ့ရက်မှအရက်(၅၀)မြောက် **ပင်တေကော့စ်ပွဲနေ့**ရောက်သောအခါ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် အတိုင်းထက်အလွန်ပြည့်ဝကြလေ၏။

"ထိုအခါ ပြင်းထန်သောလေမုန်တိုင်းတိုက်ခတ်သံနှင့်တူသော အသံသည်ကောင်းကင်မှ ရုတ်တရက်ပေါ် လာ၍ သူတို့စုဝေးနေထိုင်ကြသော အိမ်သည်ထိုအသံနှင့် ပြည့်နေလေ၏။ သူတို့ရှေ့တွင် လျှာသဏ္ဍာန်ရှိသော မီးလျှံငယ်များထွက်ပေါ်လာ၍ သူတို့အသီးသီး၏အပေါ်၌ တည်နေလေ၏။" (တမန်–၂း၂–၃)သန့်ရှင်းသော ဝိညာဉ်တော်ဘုရားက တမန်တော်ကြီးတို့အား "အတွင်းစိတ်နှလုံး"ထဲမှ "အသစ်ပြုပြင်ပြောင်းလဲ"ပေးတော်မူ၏၊ သူတို့သည်လည်း"သေခြင်းကိုခံတော်မူသောယေရှုးခရစ်တော်အမှန်စင်စစ်ရှင်ပြန်တော်ပြီး"ဖြစ်ကြောင်းသတင်းကောင်း

ကို "ရဲရဲတောက်ကြေငြာနိုင်သောသတ္တိ"ကို ပေးသနားတော်မူလေ၏။ ကြောက်ရွံ့ခြင်းစိတ်အလျင်း မရှိကြတော့ဘဲ၊ ဒိဌယုံကြည်စိတ်ချစွာဖြင့် အတိအလင်းဟောပြောသက်သေခံခဲ့ကြလေတော့သည်။(cf တမန် ၂း၂၉၊၄း၁၃၊၄း၂၉၊၃၁)၊ မျက်စိသူငယ်နှင့် မထင်မရှားတံငါသည်ဘဝမှ ဧဝံဂေလိတရားတော်ဖြန့်ချီရေးတွင် ဖွဲ့နဘဲကြီးသူ သတင်းဆောင် ပုဂ္ဂိုလ်ကြီးများအဖြစ်သို့ တမဟုတ်ချင်းပြောင်းလဲသွားကြလေ၏။ မလိုမုန်းထားသူတို့ကပင် သူတို့၏ ရဲစွမ်းသတ္တိ အပြည့်ရှိခြင်းကိုမြင်ရသောအခါ၊ 'ပညာတတ်မဟုတ်ဘဲ သာမန်လူများ' ဖြစ်လျက်နှင့်ပင်၊ ကြီးမားသော စုံစမ်းနှောင့်ယှက်ခြင်း၊ ဒုက္ခဆင်းရဲခြင်းနှင့်ညှင်းပန်းနှိပ်စက်ခြင်းတို့ကို အပြုံးမပျက်ဘဲ သူတို့ခံထမ်းနိုင်ကြပြီတကား ဟု တအံ့တသြဖြစ်ကြရလေသည်။ ထိုအချိန်အခါမှစ၍ မည်သည့်အရာမျှ သူတို့ကို တားဆီးနိုင်စွမ်း မရှိတော့ပေ။ "ငါတို့သည် ငါတို့မြင်ရကြားရသောအရာများကို မဟောပြောဘဲမနေနိုင်ကြ"(တမန်–၄း၂၀)ဟုဆိုကာ သူတို့ကို တားမြစ်ဖို့ ကြိုးစားသောသူများကို နှုတ်ပိတ်ခဲ့ကြသည် ဤသည်ကားအသင်းတော် စတင်ပေါက်ဖွားလာပုံအကြောင်း နှင့် ပင်တေကော့စ်ပွဲနေ့မှအစ၊ ကမ္ဘာမြေကြီးစွန်းတိုင်အောင်(၁း၈) ဧဝံဂေလိတရားတော်ကို စဉ်ဆက်မပြတ်စေဘဲ ဖြန့်ချီပေးသွားမည့်အကြောင်းတည်း။

## ၄။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား–အသင်းတော်၏ "အသက်"နှင့် ပေါင်းစည်းညီညွတ်ခြင်း၏အရင်းမူလ။

အသင်းတော်၏အမှုတော်မြတ်အကြောင်းကောင်းစွာသိရှိနားလည်လိုပါက တမန်တော်ကြီးများစုဝေးခဲ့ကြ ့ ထိုအပေါ်ထပ်ခန်းမဆောင်ဆီသို့ ကျွန်ုပ်တို့အရောက်ပြန်သွားပြီး၊ "မိခင်"မာရီယာနှင့်အတူ ဝတ်ပြု ဆုတောင်းလျက် ကတိထားတော်မူသော ဝိညာဉ်တော်မြတ်ကြွမြန်းခြင်းကို စောင့်ကြိုနေကြရမည် (လု–၂၄း၄၉)။ မွေးကင်းစအမိအသင်းတော်၏ရုပ်သွင်ကို ဖော်ညွှန်းပေးသော ဤအချင်းအရာမှာမူကား၊ ခရစ်ယာန်အသင်းတိုင်း၌ အစဉ်အမြဲရှိရမည်ဖြစ်သော ပေါင်းစည်းညီညွတ်ခြင်း၏ ပုံသက်သေ နှင့်အရင်းမူလပင်ဖြစ်တော့သည်။ အဘယ်ကြောင့် ဆိုသော်၊ တမန်တော်လုပ်ငန်း/ သာသနာပြုလုပ်ငန်းဝေဝေဆာဆာသီးပွင့်ဖြစ်ထွန်းအောင်မြင်မှုများကို တိုင်းတာရာ မှာ– အစီအစဉ်တကျ/ နည်းလမ်းတကျထိရောက်စွာချမှတ်လုပ်ဆောင်ခြင်းတို့အပေါ် တည်မှီနေ၍မဟုတ်ဘဲ၊ ဘာသာရေးအသင်းအပင်းများ၏ ပေါင်းစည်းညီညွတ်စွာဖြင့် အတူတကွဝတ်ပြုဆုတောင်းခြင်းကသာ အဓိကဖြစ်ပါ သည်။ (cf. Evangelii Nuntian,75)။ ထို့အတူ မိမိတို့၏သာသနာပြုလုပ်ငန်းထွန်းကားအောင်မြင်စေရေးအတွက် ဘာသာရေးအသင်းအပင်းတိုင်းညီညီညွတ်ညွတ်ပေါင်းစည်းကြဖို့ အထူးလိုအပ်ပါသည်။ တနည်းဆိုရသော် ၄င်းတို့ အချင်းချင်း တစိတ်တဝမ်းတည်းရှိကြလျက်၊ ယုံကြည်သူတို့၏အသည်းအိမ်ထဲတွင် ဝိညာဉ်တော်မြတ်ဘုရားမှ အစပျိုးထည့်သွင်းထားပေးသော ချစ်ခြင်းနှင့်ပျော်ရွှင်ခြင်းတို့အရှိန် ထိုးပွင့်လန်းလာသည်တိုင်အောင် သက်သေခံနိုင် သော ခွန်အားအပြည့်အဝပိုင်ဆိုင်ကြရမည်ဖြစ်၏ (cf.တမန် ၂း၄၂) ။ ဂျွန်ပေါလ်–၂၏(Redemptoria Missio) စာချွန်လွှာ၌ ဖော်ပြထားသည့်အတိုင်း–အသင်းတော်၏ စေလွှတ်ခြင်းအမှုတော်မြတ်မှာ– လက်တွေ့သက်သေခံခြင်း အမှုမပြုမီကပင် လူသူအများရှေ့တွင် ပုံသက်သေကောင်းပြသပေးခြင်းတည်းဟူသော မိမိတို့၏ထွန်းလင်းတောက် ပြောင်သော ရောင်ခြည်တို့ဖြင့် ကွန်မြူးလျက်နေကြရ၏။ အလားတူ၊ ကျမ်းတတ်ပညာရှင် Tertullian မှ ထောက်ပြ ချက်အရ– ချစ်ခြင်းအရိပ်အာဝါသအောက်၌ လက်ဦးခရစ်ယာန်တို့ပေါင်းစည်းညီ ညွတ်စွာနေထိုင်ခြင်းကို ကြည့်ပြီး ပတ်ဝန်းကျင်ရှိဘာသာပများ အမြင်မှန်ရကာ ယုံကြည်သူတို့အစုအဝေးထဲသို့ စိတ်ပြောင်းလဲလာကြကြောင်း– "သူတို့အချင်းချင်းချစ်ခင်ကြပုံကိုသာဘဲ ကြည့်ကြပါလော့။"(cf. Apology,39:87)

ကျမ်းစာတော်မြတ်၌ ရေးသားထားသော ဘုရားရှင်နှုတ်ကပါတ်တော်၏ သုံးသပ်ချက်အကျဉ်းကို အဆုံးမသတ်မီ၊ အလျင်းသင့်၍ ဖော်ပြလိုသည့်အချက်မှာ– သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရားသည် လူသား မျိုးနွယ်စုအားလုံးအတွက် ဘုရားရှင်၏အကြီးမြတ်ဆုံးသောလက်ဆောင်မွန်ဖြစ်သည်သာမက ကျွန်ုပ်တို့ အပေါ်ထားတော်မူသော ကိုယ်တော်ရှင်၏ချစ်ခြင်း သက်သေဖြစ်တော်မူ၏။ ဤချစ်ခြင်း၏ အခြေခံအုတ်မြစ်ပေါ်တွင် လူသားတိုင်းဘုရားအလိုကျ အသက်ရှင်ပိုင်ခွင့်(yes to life) ရရှိကြရမည်ဖြစ်၏။ ဤမွေးရာပါ လူ့အခွင့်အရေးကို

နာဇရက်မြို့သားယေရှု၏အသက်တာအားဖြင့်လည်းကောင်း သေခြင်းနှင့်မကောင်းဆိုးဝါးဟူသမျှကို အောင်မြင်တော်မူသော ကိုယ်တော်ရှင်၏ ကယ်ချွတ်ခြင်းအမှုတော်အားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့အပြည့်အဝခံစား ရရှိလေသည်။ ဤအကြောင်းကြောင့် ခရစ်တော်၏ဧဝံဂေလိတရားတော်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့မမေ့မလျော့ အပ်သည့်အချက်မှာ– ၎င်းသည်သမရိုးကျရေးသားချက်မဟုတ်ဘဲ၊ ဝိညာဉ်တော်မြတ်ဘုရား၏တန်ခိုးအ လင်းကိုပေးရန်–ရည်ရွယ်ရေးသားထားခြင်းဖြစ်၏။ ကမ္ဘာလူသားအားလုံးအတွက် ဤဝမ်းမြောက်ဖွယ် သတင်းကောင်းဖြန့်ချီပေးရေးမှာ– ထိုပင်တေကော့စ်ပွဲနေ့မှအစ၊ အရှိန်အဟုန်မြင့်ကာ၊ ယနေ့နှင့် နောင်ကပ်ကမ္ဘာကုန် သည်တိုင်အောင် သတ္တိရှိရှိထမ်းရွက်နေဆဲဖြစ်သော အသင်းတော်၏မဟာတာဝန်ဖြစ်ပေတော့သည်။

အသင်းတော်ထမ်းရွက်နေသော ဤကယ်တင်ခြင်းအမှုတော်ကြောင့် ကျွန်ုပ်တို့ခံစားရသော အကျိုးကျေးဇူး များမှာ– ဝိညာဉ်တော်ဘုရား၏ခွန်အားတန်ခိုးမှဖြစ်သော အသီးအပွင့်များပင် ဖြစ်ပေသည်။ အလားတူ၊ မိမိတစ်ပါး တည်းသော သားတော်ယေရှုအပေါ်ထားတော်မူသော ချစ်ခြင်းအမှတ်သက်သေမူကား ဤဝိညာဉ်တော်မြတ် ဘုရားပင် ဖြစ်တော်မူ၏။ ကျွန်ုပ်တို့တစ်ဦးစီ၏ စိတ်နှလုံးထဲတွင် ခပ်နိုပ်ထားလျှက်ရှိသော ဤချစ်ခြင်းအမှတ် သက်သေအတူတူပင် ဖြစ်၏။ သို့ဖြစ်၍ ဤအကြောင်းအချက်ကို ယုံကြည်သူတိုင်းမမေ့မလျော့ပါစေနှင့်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်၏ ဝိညာဉ်တော်သည် လူပုဂ္ဂိုလ်တိုင်းနှင့် ၎င်း၏ အကြံအစည်/ လိုအင်ဆန္ဒ အဝဝကို အမြဲသိမြင်တော်မူ၏။ အထူးသဖြင့် သင်တို့လူငယ်လူရွယ်များမှတဆင့် အခြားသောလူတို့၏ မနောစိတ် အကြံအစည်တို့ကို နှိုးဆွတောက်လောင်စေခြင်းအားဖြင့် ဤကမ္ဘာလောကတွင် ဆန်းသစ်သောပင်တေကော့စ်ပွဲတော ကိုမပြတ်ဆင်နွဲနိုင်ကြမည်ဖြစ်ပေသည်။

## ၅။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား–"စိတ်ဝိညာဉ်အသက်တာဘဝ၏လက်ဦးဆရာ"

ချစ်လှစွာသော လူငယ်မိတ်ဆွေအပေါင်းတို့–ယနေ့အသင်းတော်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရား သည် မိမိ၏ခွန်အားတန်ခိုးဖြင့် လူသားကယ်တင်ခြင်းအမှုတော်ကို အစဉ်အဆက်လုပ်ဆောင်တော်မူလျက်ရှိ၏။ ထိုဝိညာဉ်တော်၏ အသီးအပွင့်မူကား– အရာအားလုံးကိုဆန်းသစ်စေသောတန်ခိုးကျေးဇူးတော်သို့ ကျွန်ုပ်တို့လမ်းစ ဖွင့်ပေးနိုင်သည်နှင့်အမျှ၊ အတိုင်းအဆအားဖြင့် အကျိုးကျေးဇူးများကို အမှန်မုချခံစားရရှိစေမည်သာ ဖြစ်၏။ ဤအတွက်၊ အလိုအပ်ဆုံးသောအချက်မှာ– ကျွန်ုပ်တို့ဝိညာဉ်တော်ဘုရားကိုသိဖို့၊ ကိုယ်တော်နှင့် အမြဲအပေးအယူ အဆက်အသွယ်ရှိဖို့နှင့် ကိုယ်တော်ရှင်ထိန်းကျောင်းလမ်းညွှန်တော်မူသည့်အတိုင်း ကျွန်ုပ်တို့တသွေမတိမ်း လိုက် နာဖို့ပင် ဖြစ်၏။ သို့ရာတွင် ဤနေရာ၌ မေးစရာမေးခွန်းတခုအလိုအလျှောက်ဖြစ်လာသည်မှာ– ကျွန်ုပ်တစ်ဦး အနေဖြင့်–သန့်ရှင်းသောဝိညာဉ်တော်ဘုရားဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ၊ မရေမတွက်နိုင်သော ခရစ်ယာန်များအဖို့ ဝိညာဉ်တော်ဘုရားဆိုတာ–တကယ်တမ်းမှာတော့–"လူမသိသူ မသိပုဂ္ဂိုလ်ကြီး"ပါဘဲလား၊ ဤပဟေဠိပုစ္ဆာကြောင့် ရှေ့ကျင်းပမည့်လူငယ်များနေ့မတိုင်မီ၊ ဝိညာဉ်တော်ဘုရားအကြောင်းကို ကိုယ်တိုင်ကိုယ်ကျ အလေးအနက်သိကျွမ်း စေဖို့အတွက် သင်တို့ကို ကျွန်ုပ်ဖိတ်ခေါ်နေခြင်း ဖြစ်ပါသည်။ ယုံကြည်ခြင်းအချုပ် တွင်–"အသက်ပေးတော်မူသော အရှင်သခင်၊ ခမည်းတော်နှင့်သားတော်မှ ပေါ်ထွက်တော်မူသောဝိညာဉ်တော်ဘုရားကိုလည်း ကျွန်ုပ်ယုံကြည်ပါ၏" ဟူ၍ ကျွန်ုပ်တို့ဝန်ခံကြပါသည်။ မှန်ပေသည်။ ဤဝိညာဉ်တော်သည် ခမည်းတော်နှင့်သားတော်မှ ပေါ်ထွက်သော ချစ်ခြင်း၏ ဝိညာဉ်တော်ဖြစ်၏။ "ငါတို့အားပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ငါတို့၏စိတ် နှလုံးထဲသို့ ကိုယ်တော်၏မေတ္တာတော်ကို သွန်းလောင်းတော်မူသောကြောင့် ဖြစ်၏။ "(ရော–၅း၅) ဤဝိညာဉ် တော်မြတ်ဘုရားကို သိရုံသက်သက်ဖြင့် မလုံလောက်နိုင်ပါ။ ကိုယ်တော်ရှင်ကို "ကျွန်ုပ်တို့၏စိတ်ဝိညာဉ် အသက်တာ ဘဝ၏လက်ဦးဆရာ" အဖြစ် အရာရာ၌ထိန်းကျောင်းလမ်းညွှန်သွန်သင်တော်မူပါမည့်အကြောင်း ဖိတ်မန္တကပြု ကြိုဆိုကြရမည်။ ကိုယ်တော်ရှင်ကြွမြန်းတော်မူလာသောအခါ၌ ကျွန်ုပ်တို့အား ပုဂ္ဂိုလ်သုံးပါးတစ်ဆူဘုရား၏ နက်နဲလှသောအကြောင်းချင်းရာတို့ ကို သိကျွမ်းခွင့်ပေးသနားတော်မူလိမ့်မည်။ အကြောင်းမူကား ဝိညာဉ်တော်

တစ်ပါးတည်းသာလျှင် ယုံကြည်ခြင်းအလင်းသို့ လည်းကောင်း၊ ယုံကြည်လက်ခံသည့်အတိုင်း နေ့စဉ်နှင့်အမျှ အပြည့်အဝကျင့်ဆောက်တည်နိုင်သော ခွန်အားတို့ကိုလည်းကောင်း ၊ ပေးပိုင်တော်မူသော အရှင်သခင်ဖြစ်တော်မူ၏။ သူတစ်ပါးကောင်းကျိုးချမ်းသာအတွက် ရွက်ဆောင်နိုင်စေရန် ကျွန်ုပ်တို့ကိုယ်စိတ်ဆန္ဒတဖွားဖွား ဖြစ်ပေါ်စေတော်မူ၏။

သင်တို့လူငယ်လူရွယ်များ ခရစ်တော်သခင်အား အဘယ်မျှချစ်ခင်မြတ်နိုးတန်ဖိုးထားကြောင်းကို လည်းကောင်း၊ ကိုယ်တော်ရှင်နှင့် ဆုံစည်းဖို့၊ ရင်ဖွင့်စကားပြောဖို့ သင်တို့မှာဆန္ဒပြင်းပြနေကြသည်ကို လည်းကောင်း၊ အကျွန်ုပ်သိပါသည်။ အမှန်စင်စစ်ဖြစ်သည့်အကြောင်းကား–ကျွန်ုပ်တို့တစ်ဦးစီ၏ အတွင်းစိတ်နှလုံးထဲတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဝိညာဉ်တော်ဘုရား၏တန်ခိုးကျေးဇူးကြောင့်သာလျှင်–တံကျင်၌အသေခံ၍ ထမြောက်တော်မူပြီးသော ခရစ်တော်ယေဇူး၏ခန္ဓာတော်၌ ကျွန်ုပ်တို့ကိုယ်ကိုပေါင်းစပ်ပါဝင်စေခြင်းဖြစ်ကြောင့် အမြဲသတိယကြပါ။ သို့ဖြစ်သောကြောင့် ခရစ်တော်နှင့်တနေ့တခြား ပို၍ရင်းနှီးအကျွမ်းတဝင်ဖြစ်လိုကြပါလျှင်–သန့်ရှင်းသော ဝိညာဉ်တော်မြတ်ဘုရားနှင့် အရင်အဦးတရင်းတနှီးရှိကြဖို့ အထူးလိုအပ်ကြောင်း ပြောကြားလိုပါသည်။

## ၆။ ခရစ္စမတ်အားပေးခြင်းနှင့် ကိုယ်တော်မြတ်အသွေးအသားမင်္ဂလာတော်။

နောက်ထပ်၊ ဝိညာဉ်တော်မြတ်ဘုရားနှင့် ရင်းနှီးအကျွမ်းတဝင်ရှိခြင်း၊ ဝိညာဉ်အသက်တာ ရှင်သန်ကြီးထွားလာစေရေးအတွက် ထိုဝိညာဉ်တော်၏တန်ခိုးကျေးဇူးကို အားကိုး၍ မည်သို့ဘဝသစ်၊စိတ်သစ်၊လူသစ်သို့ ပြောင်းလဲလာကြရမည့်အကြောင်း သိလိုကြပါလိမ့်မည်။ ၎င်းအတွက်အဖြေမှာ– စက္ကရမင်တူးမင်္ဂလာတော်များကို ထိုက်တန်စွာ ခံယူခြင်းဖြင့် ရရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော စက္ကမင်တူးမင်္ဂလာတော်များ– အထူးသဖြင့် ခရစ်ယာန်အသက်တာသို့ ပျိုးထောင်ပေးသောဆေးကြောခြင်း၊ ခရစ္စမတ်အားပေးခြင်းနှင့် ကိုယ်တော်မြတ်အသွေးအသားမင်္ဂလာတော်– အပြန်အလှန်အားဖြင့် အမှီသဟဲပြု၍ သီးခြားခွဲထားမရနိုင်သော ဤစက္ကမင်မင်္ဂလာတော်(၃)ပါးတို့ဖြင့် ယုံကြည်ခြင်းကျေးဇူးတော်ကို ရရှိစေကာရှင်သန်ကြီးထွားစေပါသည် (cf. CCC, 1285)။ ခရစ်ယာန်အသက်တာဘဝကို ပျိုးထောင်ပေးသော ဤစက္ကမင်မင်္ဂလာတော်(၃)ပါးနှင့်ဆိုင်သော ယုံကြည်လိုက်ကျင့်ရန်အချက်တို့ကို အချို့သောခရစ်ယာန်ဘာသာဝင်တို့၏ဘဝ၌ လျစ်လျူရှုထားသည်ကိုလည်း တွေ့ရှိရပေသည်။ တခါတရံ၊ ငယ်စဉ်ကလေးဘဝက ပြုဖွယ်ကိစ္စဟူ၍လည်းကောင်း၊ လက်ရှိဘဝအခြေအနေအတွက် အရေးမပါလှ–ဟူ၍လည်းကောင်း မှတ်ယူတတ်ကြ၏။ ဤသို့ဆိုလျှင် ၎င်းတို့၏ ယုံကြည်ခြင်းဘဝသည် ရေသောက်မြစ်မရှိသော(ဝါ)မြေဩဇာအာဟာရမရရှိနိုင်သော အပင်နှင့်ဆင်တူပါလိမ့်မည်။ လူငယ်အများအပြားတို့သည် ခရစ္စမတ်အားပေးခြင်းမင်္ဂလာခံယူပြီးနောက်ပိုင်းတွင် ယုံကြည်ခြင်းတရားလမ်းမှ ခပ်ခွာခွာသွေဖယ်သွားကြ၏။ ၎င်းကိုခံယူခြင်းမရှိကြဘဲနေသည်လည်း ရှိ၏။ သို့ရာတွင် ဤစက္ကရမင်မင်္ဂလာတော်(၃)ပါးလုံးကို ခံယူသူဖြစ်မှသာ၊ ဝိညာဉ်တော်မြတ်ဘုရား၏တန်ခိုးကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့အား ခမည်းတော်ဘုရား၏ သားကောင်းသမီးမွန်များ၊ ခရစ်တော်၏မောင်ရင်းနှမများ၊ အသင်းတော်၌ ခန္ဓာတော်အစိတ်အပိုင်းများ၊ ဧဝံဂေလိတရားတော်အတွက် ပီပြင်စွာသက်သေခံနိုင်သူများနှင့် စစ်မှန်သော ယုံကြည်ခြင်းတရားလမ်းအတိုင်း မယိမ်းမယိုင်ဘဲထိန်းသိမ်း၊ကာကွယ်၊ စောင့်ရှောက်၊ ကျင့်ကြံသောသူများ ဖြစ်စေသည်။

သို့ဖြစ်ပါ၍ သင်တို့လူငယ်လူရွယ်များထံ ယခုကျွန်ုပ်ရေးသားပေးပို့လိုက်သော သတင်းစကားကို အမြဲနှလုံးသွင်းဆင်ခြင်ကြဖို့ မှာကြားလိုပါသည်။ အထူးသဖြင့် ယနေ့အချိန်ကာလတွင် ဤသန့်ရှင်းမြင့်မြတ်လှသော ခရစ္စမတ်အားပေးခြင်းမင်္ဂလာတော်အား အထူးလေးအမြတ်ထားပြီး၊ ဝိညာဉ်ရှင်သန်ရေးကဏ္ဍ၌ ၎င်းအရေးပါပုံတို့ကို ကောင်းစွာသိရှိနားလည်ကြဖို့ လိုအပ်နေပါသည်။ ဆေးကြောခြင်းနှင့် ခရစ္စမတ်အားပေးခြင်းခံယူပြီးသူများ တနည်းဆိုရသော်သည် "သန့်ရှင်းသောဝိညာဉ်ဘုရား၏ဗိမ္မာန်တော်များ" ဖြစ်လာကြ၏။ ဤအချက်ကို အစဉ်သတိရကြလျက် မည်သည့်ရွှေငွေရတနာတို့နှင့် မလဲနိုင်သောဘဝတွင် အလျှံပယ်စွာ သီးပွင့်ဝေဆာနေကြကာ၊

သန့်ရှင်းစုံလင်ခြင်းသို့ ရောက်သည်တိုင်အောင် အစဉ်တစိုက်အားထုတ်နေကြရမည်။ သို့ဖြစ်၍ ဆေးကြောခြင်းခံပြီးသော ခရစ္စမတ်အားပေးခြင်းမခံရသေးသူများ "ပီသသောခရစ်ယာန်များ" ဖြစ်လာကြစေရန် ၎င်းကိုခံယူနိုင်ဖို့ အဆောတလျင်လုပ်ဆောင်ပါ။ အဘယ်ကြောင့်ဆိုသော် ဆေးကြောခြင်းမင်္ဂလာအားဖြင့် ခံယူခဲ့ရသော ကျေးဇူးတော်တို့ကို ဤခရစ္စမတ်အားပေးခြင်းမင်္ဂလာက ပိုမိုပြည့်စုံလေသည်။ (cf. CCC-1302/1304)

ခရစ္စမတ်အားပေးခြင်းမှ ဆန်းပြားထူးခြားသောခွန်အားတစ်မျိုးကိုပေး၍ ဘုရားရှင်အားအသက်ထက်ဆုံး သက်သေခံခြင်းနှင့် ထောပနာပြုခြင်းပြုနိုင်သော သတ္တိအာနိသင်ဖြစ်ပေါ်စေ၏။ ခရစ်တော်၏ခန္ဓာတော်ဖြစ်သော အသင်းတော်၌ တက်တက်ကြွကြွ ပူးပေါင်းပါဝင်စေလျက်၊ အသင်းသားအားလုံးတို့နှင့် တပေါင်းတစည်းတည်း ဖြစ်စေ၏ (cf.၁ကော–၁၂း၁၂–၂၅)။ ဤသို့ဝိညာဉ်တော်ဘုရား၏ ထိန်းကျောင်းလမ်းညွှန်မှုကို ခံယူသောခရစ်ယာန်တစ်ဦးသည် အမိအသင်းတော်ကြီးတိုးတက်ရာ တိုးတက်စေကြောင်း အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ပါဝင်လုပ်ဆောင်နိုင်၏။ "အများကောင်းကျိုးအတွက် လူအသီးသီး၌ဝိညာဉ်တော်ဘုရား၏ ထင်းရှားတော်မူခြင်းကိုပေးထားလျက်ရှိ၏" (၁ကော–၁၂း၇)။ ဤကျမ်းချက်နှင့်အညီ ဝိညာဉ်တော်ဘုရားထံမှ အစွမ်းထက်သော ဝိညာဉ်ခွန်အား အထူးခံစားရရှိစေသည်။ ဝိညာဉ်တော်ဘုရားမြတ်၏ အနှစ်သာရအသီးအပွင့်များမှာ– "ချစ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သည်းခံခြင်း၊ အကြင်နာမေတ္တာ၊ ရက်ရောတတ်ခြင်း၊ သစ္စာရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကို ချုပ်တီးတတ်ခြင်း၊" (ဂါလာ–၅း၂၂)တို့ ဖြစ်သည်။ အကယ်၍ ခရစ္စမတ်အားပေးခြင်းမခံရသေးသူလူငယ်များ ရှိပါက၊ သင်တို့၏ ဘုန်းတော်ကြီးအကူအညီဖြင့် ပြင်ဆင်ထားပြီးခံယူကြဖို့ ကျွန်ုပ်တိုက်တွန်းပါရစေ။ ၎င်းမှာ သခင်ဘုရားကိုယ်တော်တိုင်ပေးသနားတော်မူသော အခွင့်ထူးဖြစ်သောကြောင့် ၎င်းကိုလက်မလွှတ်စေပါနှင့်။

ဆက်လက်၍ ကိုယ်တော်မြတ်မင်္ဂလာတော်အကြောင်း အနည်းငယ်ပြောကြားလိုပါသည်။ ခရစ်ယာန်အသက်တာဘဝဖွံ့ဖြိုးကြီးထွားလာစေရန် ခရစ်တော်၏အသွေးအသားတော် မှီဝဲစားသုံးနိုင်ကြရန်အတွက် အဓိကထား၍ ဆေးကြောခြင်းနှင့်ခရစ္စမတ်အားပေးခြင်းတို့ကို ခံယူကြခြင်းဖြစ်ပေသည်( cf.CCC, 1322; Sacramen tum Caritatis, 17)။ အသင်းတော်၏ "အသက်"၊ အသင်းတော်၏ "အရင်းအမြစ်နှင့် အထွဋ်အထိပ်" ဖြစ်သော ဤကိုယ်တော်မြတ်မင်္ဂလာတော်သည် ကျွန်ုပ်တို့အဖို့ "စဉ်ဆက်မပြတ်သော ပင်တေကော့စ်(တနည်းဆိုရ သော် perpetual Peutecost) ပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော မစ္ဆားပူဇော်ခြင်းအမှုကို ပြုကြသည့်အခါတိုင်း၌ သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရားကို ခံယူကြလျက် ကျွန်ုပ်တို့ကိုခရစ်တော်နှင့် တဖန်မြဲမြဲစွာပေါင်းစပ်စေပြီး၊ ကျွန်ုပ်တို့အား ခရစ်တော်အသွင်သဏ္ဍာန်တော်သို့ ပြောင်းလဲသွားစေသော ဝိညာဉ်တော်ပင်ဖြစ်၏။

ချစ်ခင်လှသော ကျွန်ုပ်၏မိတ်ဆွေလူငယ်မောင်မယ်အပေါင်းတို့–ဤသို့ကိုယ်တော်မြတ် အသွေးအသားပွဲတော်ကျင်းပခြင်း၊ ချစ်ခင်၏စက္ကရမင်မင်္ဂလာတော်ရှေ့ ဝတ်ပြုကိုးကွယ်ခြင်းတို့ကို မကြာခဏပြုလုပ်ကြမည်ဆိုလျှင်– ဧဝံဂေလိသက်သေခံခြင်းအမှုတော်၌ မိမိတို့ကိုယ်ကို ဆက်ကပ်ခါ၊ နှစ်ထောင်းအားရပျော်ရွှင်စွာ ဖောက်ချလုပ်ဆောင်နိုင်ကြမည် ဖြစ်ပါသည်။ အထူးသဖြင့် မိမိတို့မတတ်စွမ်းနိုင်၊ လက်လှမ်းမမှီနိုင်ဟု လက်မှိုင်ချသည့်အခါများ၌ ဝိညာဉ်တော်မြတ်ဘုရား၏ခွန်အားတန်ခိုးကိုသာ အားထားပြီး အရာရာကိုပြုပြင်ပြောင်းလဲစေနိုင်သော သာသနာပြုစိတ်ဓါတ်၊ ရှင်ပြန်တော်မူသော ခရစ်တော်အားသက်သေခံလိုသော ခရစ်တော်အားသက်သေခံလိုသော စိတ်တွေကို တထူးတခြားခံစားလာရမည် ဖြစ်ပါသည်။

## ၇။ လိုအပ်ချက်နှင့်အညီ အဆောတလျင်လုပ်ဆောင်ရမည့်တာဝန်။

များပြားလှသော ယနေ့လူငယ်များ၏ဘဝမှာ မသေချာမရေရာဖြစ်ကာ မိမိတို့အနာဂတ်ရှေ့ရေးအတွက် သို့လောသို့လော ဖြစ်နေကြ၏။ မိမိတို့ဘဝအတွက် ရတက်မအေးဖြစ်ကြလျက် သိလိုမေးမြန်းလိုသော အကြောင်းအရာတသီတတန်းကြီး ရှိနေကြ၏။ ဥပမာ–မတော်မတရားမှုများ၊ ဒုက္ခဆင်းရဲခြင်းတွေနှင့် ရောပွန်းနေသော ဤကမ္ဘာကြီးမှာ ငါတို့အဘယ်ကဲ့သို့ ရပ်တည်နိုင်မည်နည်း။ အတောမသတ်နိုင်သော တစ်ကိုယ်တော်ကောင်းစား

ရေးနှင့် အကြမ်းဖက်မှုဝါဒတွေကို မည်သို့တုန့်ပြန်ရမည်နည်း။ လူ့ဘဝအသက်ရှင်ခြင်းအကြောင်း မည်သို့အဓိပ္ပါယ်ရှိရှိ၊ အနှစ်သာရပြည့်ဖော်ဆောင်ပေးရမည်နည်း။ အထက်၌ဖော်ပြပြီးသော ဝိညာဉ်တော်၏ အသီးအပွင့် များတို့ကို ဤတုန်လှုပ်ခြောက်ခြား၍ မတည်မငြိမ်ဖြစ်နေသော ကမ္ဘာ–အထူးသဖြင့် လူငယ်ထု၏နေ့စဉ်ဘဝအသက်တာတို့သို့ စိမ့်ဝင်ပျံ့နှံ့လာအောင် ငါတို့မည်သို့ဆောင်ကျဉ်းပေးနိုင်မည်နည်း။ မည်သည့်အကြောင်း အချက်များအပေါ် အခြေခံပြီး လက်ဦးဖန်ဆင်းတော်မူခြင်းနှင့် အထူးသဖြင့်ဒုတိယအသစ်ပြုပြင်ဖန်ဆင်းခြင်း (ကယ်တင် တော်မူခြင်း)တည်းဟူသော အသက်ပေးဝိညာဉ်တော်သည် ကမ္ဘာလူသားအားလုံး၏ အသည်းနှလုံးထဲတွင် အသက်ဝင်လှုပ်ရှား စေနိုင်မည်နည်း။ ဤနေရာတွင် ကျွန်ုပ်တို့မမေ့မလျော့၊ အစဉ်နှလုံးသွင်းရမည့်အချက်မှာ ဘုရားရှင်ပေးသနားတော်မူသော ကျေးဇူးတော်ကြီးမားလေလေ၊ ၄င်းအတွက် လိုအပ်ချက်မသိခံစားရသော ကျေးဇူးတော်များအတွက် အသင်းတော်၏ သက်သေခံခြင်း အခန်းကဏ္ဍမှာလည်း ထိုမျှမက အားတက်သရောရှိရမည်သာ ဖြစ်ပါသည် သို့ဖြစ်သည်နှင့်အညီ အဆောတလျင်ထမ်းဆောင်ရန်ရှိသည့် တာဝန်(ဝါ)သက်သေခံခြင်းအမှု၌ အသင့်ပါဝင်လိုကြကြောင်း ပြသလိုက်ခြင်း ဖြစ်ပါသည်။

ဆက်လက်၍ လူငယ်လူရွယ်များအထူးနှလုံးသွင်းဆင်ခြင်ဖို့အတွက် အချက်အချာကျသည့်သမ္မာတရားတော် သွန်သင်ချက်အချို့ ကို ဖော်ပြပေးလိုပါသည်။

–ကျွန်ုပ်တို့အား ပေးသနားတော်သမျှကျေးဇူးတော်တို့အနက် ‘ခရစ်တော်၏ ဝိညာဉ်တော်’တည်းဟူသော ဆု ကျေးဇူးတော်သည် အကြီးမြတ်ဆုံးဖြစ်၏။

–ခရစ်တော်သခင်သာလျှင် လူပုဂ္ဂိုလ်တစ်ဦးစီ၏စိတ်ဘဝင်ထဲရှိလိုအင်ဆန္ဒအဝဝကို ဖြည့်စည်းပေးနိုင်၏။

–ခရစ်တော်သခင်သာလျှင် ကမ္ဘာလူသားအားလုံးကိုပြန်၍“လူသားဆန်ဆန်”ဖြစ်စေပြီး ဘုရားအဖြစ်တော်၌ ပေါင်းစပ်ခြင်းကိုပြုနိုင်ပေး၏။

–ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ဘုရားရှင်ကိုချစ်တဲ့လှယ်နိုင်သော ခွန်အား ပေါက်ဖွားစေသကဲ့ သို့ မိမိနီးစပ်သောသူတို့အား ချစ်ခြင်းနှင့်အစေခံခြင်းအမှုကိုပြုနိုင်ကြ၏။

–သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ အလင်းခွန်အားကျေးဇူးဖြင့် တံကျင်၌အသေခံပြီး တဖန်ရှင်ပြန်ထမြောက် တော်မူသော ခရစ်တော်အား အတုယူကြလျှက် “ကိုယ်တော်ထံမှတသွင်သွင် စီးဆင်းလာသော မေတ္တာစမ်းရေ၏ ပုံရိပ်နှင့်အသုံးခံများအဖြစ်သို့ ကျွန်ုပ်တို့ကိုပြောင်းလဲစေတော်မူ၏ “(Deus Caritas Est, 33)”။

ဤကဲ့သို့ ဝိညာဉ်တော်ဘုရားစေလိုရာသို့ အသာတကြည်လိုက်ပါသွားကြသော သူတို့အဖို့ ဧဝံဂေလိအမှုတော် ထမ်းရွက်ရာတွင် ဝန်ထုပ်ဝန်ပိုးဟူ၍ မမှတ်ယူကြတော့ဘဲ၊ သူတစ်ပါးအကျိုးအလို့ငှါ မဖြစ်မနေအဆောတလျင် ထမ်းဆောင်ရမည့်တာဝန်ကြီးဟု ခံယူနိုင်ကြပေသည်။ သို့ဖြစ်၍ ခရစ်တော်အတွက် သက်သေခံသူများအဖြစ် ကျွန်ုပ်တို့အမှန်ဧကန် ထမ်းရွက်လိုပါက–ဧဝံဂေလိတရားတော်ပြန့်ပွားရေးဒိုင်ချုပ်” (cf. E N, 75)ဖြစ်၍၊ “တမန်တော်လုပ်ငန်း၏ ဒိုင်ချုပ်”(cf. Redemptoria Missio, 21)လည်း ဖြစ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော် မြတ်ဘုရား၏လမ်းညွှန်မှုအတိုင်း လျှောက်လှမ်းကြရပေမည်။ ချစ်သောမိတ်ဆွေလူငယ်မောင်မယ်အပေါင်းတို့– ကျွန်ုပ်အထက်နောင်တော်ကြီးများဖြစ်ကြသော Paul VI နှင့် John Paul IIအရှင်မြတ်တို့ မကြာခဏမြွက်ကြားခဲ့သည့် အတိုင်း “ဧဝံဂေလိတရားတော်ကြေငြာခြင်းနှင့် ကျွန်ုပ်တို့ယုံကြည်ခြင်းတရားတော်ကို ကိုယ်ထိလက်ရောက် သက်သေခံခြင်းအမှုလုပ်ဆောင်ကြဖို့ ယခင်ကထက် ယခုအချိန်အခါအခြေအနေက တောင်းဆိုလျက်ရှိကြောင်း” (R. Missio I.) သို့ပင်သော်လည်း တန်ဖိုးမဖြတ်နိုင်သော ရတနာကြီးနှင့်တူသည့် ဤယုံကြည်ခြင်းတရားတော်ကို လက်သင့် မခံနိုင်ဘဲနေသော သူတို့အားဖေါက်သည်ချ ဟောကြားပေးလိုက်လျှင် ထိုသူတို့အပေါ် ရိုင်းရာကျမည် လောဟူ၍ ထင်မြင်ယူဆစရာဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့ရာတွင် ဤအတိုင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆို သော်၊ ခရစ်တော်ကိုပြညွှန်ပေးခြင်းဖြင့် သူတို့အပေါ်ဝန်ထုပ်ဝန်ပိုးဖြစ်စေမည် မဟုတ်ပေ (cf.E. Nuntiandi, 80)။ ထိုမျှမက လွန်ခဲ့သော အနှစ်(၂၀၀၀)ကျော်ကတည်းက တစ်ကျိပ်နှစ်ပါးသော တမန်တော်ကြီးတို့အသက်စတေးခဲ့ကာ ခရစ်တော်အကြောင်းသက်သေခံခဲ့ကြပြီ။ ထိုအချိန်မှစ၍ သမိုင်းစဉ်တစ် လျှောက်လုံးမရေမတွက်နိုင်သော

အမျိုးသား၊အမျိုးသမီးများ တရားတော်အတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်လာခဲ့ကြသည်။ ယနေ့အဖို့များလည်း ဤကယ်တင်ခြင်းသတင်း ကောင်းအတွက် မခိုမကပ်တတ်သော ခရစ်တော်နောက်လိုက်ကောင်းများ ပေါ်ထွန်းလာဖို့ အရေးတကြီးလိုအပ်လျက်ရှိ၏။

ရှေ့ဟောင်းသူတော်မြတ်+ရဟန္တာတို့ထားခဲ့သည့် ပုံသက်သေနည်းတူ၊ ဤအရေးပေါ်စိန်ခေါ်မှုကြီးကို ရက်ရောစွာတုံ့ပြန်နိုင်ရန် လူငယ်များ၏ အတွင်းနှလုံးအိမ်၌ ဘုရားရှင်၏အချစ်မီးထွန်းညှိတောက်လောင်စေဖို့ အဆင်သင့်ရှိနေကြရမည်။ ထို့ကြောင့် သင်တို့လူငယ်မောင်မယ်များအား ကျွန်ုပ်အလေးအနက်ထားထပ်မံပြောကြား လိုသည်မှာ "ခရစ်တော်၏ဝိညာဉ်တော်သည် ယနေ့လူသားများ အထူးသဖြင့်သင်တို့လူငယ်လူရွယ်များအား ကိုယ်တော်၏သတင်းဆောင်သူများဖြစ်စေကြဖို့ ကိုယ်တော်ရှင် ဖိတ်မန္တကပြုတော်မူလျက်ရှိ၏။" ခေတ်လူငယ်များ၏ အာသီသတွေ၊ အပြောအဆို၊ ခံစားချက်နှင့် မျှော်မှန်းချက်တွေ၊ အကောင်းကို အငမ်းမရရှာဖွေနေကြပုံတို့ကို သင်တို့ လူငယ်များအချင်းချင်းအသိဆုံးဖြစ်၏။ လူကြီးများက ကာလသားလူငယ်တွေနှင့် ပြောဆိုဆက်ဆံရာမှာ အခက် အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိသောကြောင့် လူငယ်များအချင်းချင်းထိတွေ့ဆက်ဆံခြင်းဖြင့် ပို၍အဆင်ပြေအရာရောက် လိမ့်မည်ဟု မျှော်လင့်ရပါသည်။ လက်ရှိလူငယ်များ၏ အတွင်းစိတ်ခံစားချက်များ၊ အလုပ်အကိုင်၊ ပညာသင်ကြားရေး၊ မျှော်မှန်းချက်များနှင့် ဒုက္ခအခက်အခဲများစသည့် အခြေအနေအရပ်ရပ်တို့ကို သိမြင်နိုင်ကြ၏။အချင်းချင်း အသိချင်းဖလှယ်ပေးနိုင်ကြ၏။ ထို့ကြောင့် သင်တို့လူငယ်တစ်ဦးချင်းအနေဖြင့် အခြားသောအဖော်ရွယ်တူတစ် ဦးဦးကို ခရစ်တော်ထံအရောက် မိမိ၏အလျင်းသင့်သောနည်းလမ်းဖြင့် ခေါ်ဆောင်ပေးပါမည်ဟု သန့်ရှင်းသော ဝိညာဉ်တော်ဘုရားထံ အာမခံရဲရမည်။ ဤသို့ဖြင့်–"သင်တို့ကို ခေါ်တော်မူသောသခင်သည် သန့်ရှင်းမွန်မြတ်တော်မူ သကဲ့သို့ သင်တို့သည် လည်း သင်တို့ပြုကျင့်သမျှအမှုတို့၌ သန့်ရှင်းမွန်မြတ်သောသူများ ဖြစ်ကြလော့" (၁ပေ– ၁း၁၅) ဤကျမ်းချက်နှင့်အညီ အချင်းချင်းပြောဆိုဆက်ဆံရာတွင် နူးညံ့သိမ်မွေ့ခြင်းနှင့် အပြန်အလှန်လေးစားခြင်း တို့ဖြင့် ရှက်ဆောင်နိုင်ကြပါစေ။

အထက်၌ဖော်ပြခဲ့သော ဝိညာဉ်တော်မြတ်ဘုရား၌ ခရစ်တော်ကို သက်သေခံခြင်းအမှုပေါက်မြောက်နိုင်စေရေး အတွက် သင်တို့လူငယ်များ ကိုယ်၌ကပင် သန့်ရှင်းခြင်း၌ မွေ့လျော်သူများ၊ သာသနာပြုပုဂ္ဂိုလ်များအဖြစ် ခံယူကြရ ပါမည်။ အဘယ်ကြောင့်ဆိုသော် ဤသာသနာပြုလုပ်ငန်းတာဝန်မှာ ဖြောင့်မတ်သန့်ရှင်းစွာ ကျင့်ကြံနေထိုင်ခြင်း ဘဝနှင့် အမြဲတွန်တွဲ၍ သွားရမည့် ကိစ္စရပ်ဖြစ်၏။ (cf. R. Missio. 90)- စိန်ဖရန်စစ်ဖေးဗီးယားလို စွန့်လွှတ်စွန့် စားသော သာသနာပြုပုဂ္ဂိုလ်ကြီးများ၊ ရဟန္တာSt. Therese of the Child Jesus)လို ပြင်ပလောကထဲသို့ ခြေမချရသောလည်း သာသနာပြုပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခြင်းခံရ၏။ အဆိုပါပုဂ္ဂိုလ်မြတ်(၂)ပါးမှာ သာသနာ ပြုခြင်းကိစ္စအဝဝတို့ကို မှိုင်းမတော်မူသောရဟန္တာများ ဖြစ်ကြ၏။ ထိုသူတို့ လျှောက်လှမ်းခဲ့သောလမ်းစဉ်၊ သူတို့၏ ခြေရာကိုနင်း၍ ခရစ်တော်၏သမ္မာတရားအလင်းတော်ကမ္ဘာအနှံ့သို့ ရောက်ရှိစေရေးအတွက်လည်းကောင်း၊ မိမိအသက်ကိုပင် ပဓါနမထားပဲ အမုန်းကိုချစ်ခြင်းဖြင့် တုံ့ပြန်ရန်လည်းကောင်း၊ ဘုန်းတန်ခိုးတော်၌ ရှင်ပြန်တော်မူပြီး သော ခရစ်တော်သခင်ပေးပိုင်တော်မူသော မျှော်လင့်ခြင်းရောင်ခြည်တော်တို့ကို ကမ္ဘာမြေကြီးအဆုံးစွန်တိုင်အောင် ပြန့်နှံ့စေရန်လည်းကောင်း၊ သင်တို့ဘဝကိုအသင့်အနေအထား၌ရှိနေစေကြလော့။

၈။ ဤကမ္ဘာမြေပေါ်သို့ "ဆန်းသစ်သော ပင်န်တေကော့စ်" သွန်းလောင်းပေးတော်မူပါဘုရား ကျွန်ုပ်၏ချစ် မိတ်ဆွေလူငယ်အပေါင်းတို့– လာမည့်၂၀၀၈ခု၊ ဇူလိုင်လ ဆစ္ဒနီမြို့မှာ သင်တို့တတွေကို အလုံးအရင်း၊ အင်တိုက် အားတိုက်ဖြင့် တဖန်ပြန်ဆုံစည်း ဖို့အရေး ကျွန်ုပ်အထူးမျှော်ကိုးမိပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား တန်ခိုးကျေးဇူးတော်တို့ကို အတူတကွ အပြည့်အဝ ခံစားရရန် အခွင့်ဖန်လာပါလိမ့်မည်။ သောင်းသောင်းဖျဖျ တက် ရောက်စုရုံးလာကြပါ။ ဤသို့အင်အားအလုံးအရင်းဖြင့် ပြသခြင်း သည် မျှော်လင့်ခြင်းကို ပြည့်ဝန်ပေးသော အမှတ် သင်္ကေတဖြစ်သည်ကတကြောင်း၊ သင်တို့ကို ကြိုဆိုနေသော ဩစတြေးလျတိုက်ရှိဌါနေ အသင်းတော်အား

တဖက်တလမ်းမှ ချီးမြှင့်အားပေးအားမြှောက်ပြုခြင်း ဖြစ်သည်ကတကြောင်းဖြစ်ပါသည်။ အထူးသဖြင့် အိမ်ရှင်လူငယ်များအဖို့ ဧဝံဂေလိတရားတော်၏ မြတ်နိုးဖွယ်သောအလှ၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော သတင်းကောင်းကို အလွန်တရာမှလောကီဆန်သော ဤသြစတြေးလျနိုင်ငံအား ကြွေကြော်ပေးဖို့ အခွင့်ထူးတစ်ရပ်ဖြစ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အခြားသောပစိဖိတ်ကျွန်းနိုင်ငံများကဲ့သို့ သြစတြေးလျနိုင်ငံအား ကြွေကြော်ပေးဖို့ အခွင့်အထူးတစ်ရပ် ဖြစ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အခြားသောပစိဖိတ်ကျွန်းနိုင်ငံများကဲ့သို့ သြစတြေးလျသည်လည်း ခရစ်ယာန်တရားတော်၏ မူလဇစ်မြစ်ကို ပြန်လည်တွေ့ရှိဖို့ လိုအပ်နေပါသည်။ JP II ၏ နိုးဆော်စာချွန်လွှာ Ecclesia in Oceania ၌ "သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးကျေးဇူးတော်အားဖြင့် **အိုဆီလားနီယာရှိ** အသင်းတော်အဖို့၊ ခရစ်တော်ကို ဆာငတ်နေကြသော ယနေ့လူတို့အား ဧဝံဂေလိဒေသနာတော်အသစ် ဖြန့်ချီပေးရေးလုပ်ငန်း စတင်လုပ်ဆောင်နေပေပြီ။ ဤသို့တရားတော်အသစ်တဖန် ဟောကြားပေးခြင်းသည် **အိုဆီယားနီယာရှိ** အသင်းတော်အတွက် အထူးဦးစားပေးလုပ်ဆောင်သောလုပ်ငန်းရပ်ဖြစ်၏။ (no. 18)

XX III World Youth Day တဖြေးဖြေးနီးကပ်၍လာနေပြီး ဤကျန်ရှိနေသေးသောအချိန်မှာ ဆုတောင်းခြင်းနှင့် အခြားဝိညာဉ်ပြင်ဆင်ခြင်းပြုလုပ်ကြဖို့ အကျွန်ုပ်ဖိတ်ခေါ်ပါရစေ။ မိမိတို့ဆေးကြောခြင်းနှင့် ခရစ္စမတ်အားပေးခြင်း မင်္ဂလာခံယူစဉ်က ပြုခဲ့သောဂတိကဝတ်များကို အသစ်တစ်ဖန်ဝန်ခံနိုင်ကြပါလိမ့်မည်။ ကျွန်ုပ်တို့အပေါ်သို့ ဝိညာဉ်တော်ဘုရားဆင်းကြွတော်မူ ၍ ဤတတိယထောင်စုနှစ်အတွင်းရှိ အသင်းတော်နှင့် ကမ္ဘာလူသားတစ်ရပ်လုံးအပေါ်သို့ "ဆန်းသစ်သော ပင်တေကော့စ်" သွန်းလောင်းပေးတော်မူပါမည့်အကြောင်း အဖဘုရားရှင်ထံ အားကိုးယုံကြည်ခြင်းအပြည့်အဝဖြင့် အတူတကွတောင်းလျှောက်ကြ မည် ဖြစ်ပါသည်။

ထိုအပေါ်ထပ်ခန်းမဆောင်တွင်းရှိ တမန်တော်ကြီးတို့နှင့်အတူ ဝတ်ပြုဆုတောင်းနေသူ မိခင်မာရီယားသည် ဤအနီးကပ်ပြင်ဆင်ခြင်းကာလ၌ သင်တို့လူငယ်မောင်မယ်တို့နှင့်အတူ ရှိတော်မူလျက်– သင်တို့၏အတွင်းစိတ်နှလုံးကို သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ မီးတောက်မီးလျှံများဖြင့် တောက်လောင်စေတော်မူပါစေ။ အသင်းတော်က သင်တို့အပေါ်အမြဲအားကိုးယုံကြည်လျက်ရှိကြောင်းကိုလည်း အစဉ်သတိယကြပါ။ အသင်းတော်ဦးစီးခေါင်းဆောင်များဖြစ်ကြသူ ကျွန်ုပ်တို့ကလည်း သင်တို့ချစ်ခင်လေးစားသောသူများအား ခရစ်တော်ကိုပို၍သိရှိ၊ ချစ်ခင်နိုင်ကြစေရန် သူတို့ကိုကိုယ်တော့်ထံဆွဲဆောင်နိုင်ကြပါစေ သင်တို့ကိုယ်တိုင်လည်း ကိုယ်တော့်နောက်တော်သို့ သစ္စာရှိရှိလျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် သင်တို့အားကျွန်ုပ်လှိုက်လှဲစွာ ကောင်းကြီးမင်္ဂလာပေးလိုက်ပါသည်။

Lorenzago(၂၀)ရက် ဇူလိုင်၂၀၀၇ခု၊
Benedictus PP. XVI

မြန်မာမှုပြုသူ–
**Aစိုးသိန်း(လှိုင်ကော်)**